# အမျိုးသားရေးဝါဒနှင့်လူမျိုးစုံဝါဒ

(မြသန်းတင့်)

အမျိုးသားရေး ဝါဒသည် ကမ္ဘာ့ရွာကို ပျက်အောင် လုပ်နေသည်။ ယခင် Yugoslavia နိုင်ငံဟောင်းမှသည် Tschetschenien အထိ ပြိုကွဲအောင် လုပ်နိုင်သည့် ဟုနိုင်ငံစုံဝါဒသမားများတို့ ကပြောကြသည်။ လူမျိုးစု ခွဲထွက်ရေးဝါဒသည် အရှိန်ကောင်းနေသည်။ ယင်းမှာ ဆင်းရဲမွဲတေသည့် အာဖရိကတိုက်တွင် သာမဟုတ် ချမ်းသာသည့် ဥရောပတိုက်နှင့် မြောက်အမေရိက တိုက်မှာပင်ရှိနေသည်။ (၂၄)နာရီအတွင်း ကွန်ပြူတာဖြင့် အရောင်းအဝယ် လုပ်၍ အရင်းအနှီးများ တင်ပို့နေသည့် အင်တာနက်ခေတ်တွင် ထိုအချင်း အရာသည် မည်သို့ ဖြစ်နိုင်စရာရှိပါသနည်း။

ကမ္ဘာ့ဝါဒပျံ့နှံ့ရေးသည် ကျနော်တို့ခေတ်တွင် လွှမ်းမိုးတွင်ကျယ်နေသော ဝေါဟာရတခုဖြစ်၏။ ကျနော်တို့၏ အထင်အမြင်သေးသည့် သဘောထား၌ လူမျိုးစုံဝါဒသည် ယဉ်ကျေးမှု ဟူသော အဓိပ္ပာယ် ထွက်နေပြီး အမျိုးသားဝါဒ ဟူအဓိပ္ပာယ်ထွက်နေသည်။

လူမျိုးစုံ ဝါဒသမားတို့အဖို့ အမျိုးသားရေး အုံကြွမှုများသည် နားမလည်နိုင်စရာကောင်းသောအရာများ ဖြစ်နေဟန်ရှိ၏။ အာဂကာအတွက် အဘယ့်ကြောင့်တိုက်ပွဲဝင်နေမည်နည်း။ စင်္ကာပူလိုမြို့ပြနိုင်ငံ၊ တောင်ပိုင်း တရုပ်ပြည်လိုဒေသ၊ မြောက်အမေရိကတိုက် လွတ်လပ်သော ကုန်သွယ်မှု အစီအစဉ်တို့သည် နောက်ရာစုနှစ်ကြီး ၏ ကမ္ဘာ့ပုံစံသစ်အတွက် ဆောက်လုပ်မည့် အုတ်အစိုင်အခဲများဖြစ်ကြသည်။ အင်တာနက် လှိုင်းလုံးကိုစီး၍ ရပါလျက် ယဉ်ကျေးမှုအချုပ်အချာ တည်ရှိရေးကို အဘယ့်ကြောင့် တိုက်ပွဲဝင်နေဦးမည်နည်း။ ကမ္ဘာ့စီးပွားရေး၏ ဆက်သွယ်ရေး ဘာသာစကားအဖြစ် အင်္ဂလိပ်ဘာသာ စကားရှိနေပါလျက် အငယ်စား ဘာသာစကားလေးများ ထိန်းသိမ်းရေးအတွက် အဘယ်ကြောင့် တိုက်ပွဲဝင်နေဦးမည်နည်း။

အခုအချိန်သည် လူမျိုးစုံဝါဒသမားတို့အဖို့ အမျိုးသားရေးဝါဒသမားတို့ကို အထင်သေးခြင်းမှ ရပ်တန့် ရန်အချိန်ရောက်လေပြီ၊ နောက်လေယာဉ် တစီးကို စီးရန် ခပ်သုတ်သုတ်သွားနေကြသည့် နိုင်ငံတကာ အုပ်ချုပ်ရေးမှူးများ အားလုံးသည် ချမ်းသာ၍တည်ငြိမ်သော လူမျိုး-နိုင်ငံများ၏ နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင် ထားကြမည်မှာ သေချာပါသည်။

သူတို့အဖို့မှု လူမျိုးစုံဝါဒသမားဖြစ်ရန် ကုံလုံကြွယ်ဝကြပေ၏။ နိုင်ငံကူးလက်မှတ်စောင်နှင့်အတူ အခွင့်အရေးသည် ပါလာတတ်ပါ၏။ အမျိုးသားရေး မာန်ကို ရှုတ်ချရေးမပြုမီ Tschetschenien လူမျိုးတို့ အကြောင်းကို ကျနော်တို့စဉ်းစားသင့်ပါသည်။ Tschetschenien တို့၏ မြို့တော် မှ သမတ နန်းတော်ကို ရုရှတင့်ကားများမှ အမြောက်ဖြင့်ထုရန် လူမျိုးစုံဝါဒသမားများ ဘာကြောင့်အလိုရှိပါသနည်း။ ကမ္ဘာ့ဝါဒီတို့၏ ထို ဝေါဟာရကို သေသေချာချာ စဉ်းစားကြည့်ပါလေ။ Californien ပြည်နယ်သားသည် သူ၏ အိမ်သုံး ကွန်ပြူတာရှေ့တွင်ထိုင်ကာ တောင်ကိုးရီးယားရှိ သူတို့ ကားများ ကို ခိုးသွား မည်လားဟု နှစ်ယောက်စလုံး စိတ်တထင့်ထင့်ဖြစ်နေကြသည်။ သူတို့၏ ကွန်ပြူတာ အဆက်အသွယ် လုံဝဲခံမှုရှိ-မရှိကို မည်သူ အာမခံ ပါသနည်း။ ရဲ၊ တရားရုံးများ၊ လက်နက်ကိုင်အဖွဲ့များနှင့် ခေတ်သစ်လူမျိုး-နိုင်ငံများ၏ ပုံမှန်အဆောက်အဦးများက အာမခံချက် ပေးနေပါသည်။ ထိုအဆောက်အဦးများ မရှိလျှင် ကမ္ဘာ့ရွာသည် ပရမ်းပတာနေရာကြီးအဖြစ်သို့ ရွေ့လျောသွားပေလိမ့်မည်။ ခေတ်သစ် လူမျိုး-နိုင်ငံများအား ခေတ်မမီတော့ဟု ဆိုကာ ကျော်လွှားဖယ်ရှား၍ မရနိုင်ပါ။ ခေတ်သစ် လူမျိုး-နိုင်ငံ များကို ပိုမိုတောင့်တင်းအောင်လုပ်ရမည်သာ ဖြစ်ပါသည်။ တတိယကမ္ဘာတွင် မျှသာမဟုတ်ပါ။ ယင်းမှာ အမျိုးသားရေး ဝါဒသမားတဦး၏ နားလည်ချက်ဖြစ်ပါသည်။

လူမျိုးစုံဝါဒသမားများပင်လျှင် အောက်ခြေပင်မြစ်များရှိပါသည်။ ကျနော်တို့၏ ဇာတိ အရည်အသွေးသည် ကျနော်တို့ကို ခွဲခြားထားသည့် သင်္ကေတ ကလေးများပေါ်တွင်မှီ၍ တည်၍နေပါသည်။ ထိုသင်္ကေတ ကလေးများကို (စိတ်ပညာရှင်)ဖရွိုက်က အသေးစားကွဲလွဲချက်ကလေးကို ချစ်ခင်တွယ်တာသော နာစစ်ဆပ် ဝါဒ ဟု ခေါ်ခဲ့ပါသည်။ ထိုကွဲလွဲချက်ကလေးသည် အလွန့်အလွန်သေးငယ်ကောင်း သေးငယ်ပါလိမ့်မည်။ အကြောင်း မဟုတ်ပါ။ ထိုကွဲလွဲချက်ကလေးကိုပင် ကျနော်တို့ ပင်ကိုယ် ဇာတိ အရည်အသွေး၏ အဝဲမတေအဖြစ် သုံးနိုင် ပါသည်။

လူမျိုးစုံဝါဒသမားတို့က Levis ဂျင်းအဝတ်အထည်များနှင့် ဘင်နက်တန်ကုန်ပစ္စည်းများ Mc Donald Hamburger များနှင့် IBM စက်မှု သိပ္ပံပစ္စည်းများကြောင့် လူမျိုးများကြားတွင် တည်ရှိနေသော အသေးစား ကွဲလွဲမှုကလေးများသည် ပျောက်ကွယ်သွားလိမ့်မည်ဟု မျှော်လင့်နေကြပါသည်။ တကယ်ဖြစ် လာသည်မှာ ထိုသို့မဟုတ်၊ လူများက ပို၍ကြီးမားသော ကွဲလွဲချက်များကို အတင်းဖမ်းဆုတ်ထားကြခြင်း ဖြစ်ပါသည်။

Yogoslavia တွင် ဆန်းပြားပွေလီသော ဥရောပတိုက်သားများ ဖြင့် ပြည့်နေပါသည်။ သူတို့သည် Mercedes ကားကြီးများကို မောင်းကာ Switzerland စတိုင်အနားယူ ဂေဟာများကို ပိုင်ဆိုင်နေကြပါသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် သူတို့ကို ခွဲခြား၍မရနိုင်ပါ။ အတွင်းသို့ နှိုက်ကြည့်လျှင် သူတို့သည် ခရိုအက်များ၊ ဆာဘ်များ၊ ဘော့စနီးယားများ မွတ်စ်လင်များ ဖြစ်နေသည်ကို တွေ့ရပါသည်။ ခေတ်မီရေး လုပ်ငန်းသည် ကျနော်တို့၏ ကြီးမားသော တွယ်တာစွဲလန်းမှုများကို ခွာချပစ်နိုင်ကြောင်း Yugoslavia က ပြသနေပါသည်။

အဖိနှိပ်ခံလူမျိုးများနှင့် လူမျိုးစုများက သူတို့ကိုယ် သူတို့ကာကွယ်ခွင့် မရသေးသမျှ ကာလပတ်လုံး လုံခြုံရေး စိတ်ဓါတ်နှင့် အသိုက်အဝန်း စိတ်ဓါတ်သည် တည်ရှိနေဦးမည်သာ ဖြစ်ပါသည်။ ကမ္ဘာ့ပြောင်းလဲမှုသည် ကျနော်တို့ကို နီးစပ်လာအောင် လုပ်ပေးခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့ နီးစပ်လာခြင်းကြောင့်ပင် ကျနော်တို့သည် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်သမိုင်း နှင့်ကိုယ့်ဘာသာစကား စသည့် ကွဲလွဲချက်များကို ပို၍ ကာကွယ်ထိန်းသိမ်း လာခဲ့ကြရပါသည်။ သို့မှ ကာကွယ်ထိန်သိမ်းခြင်းမဲ့ပနိုင်လျှင် လူအဖြစ်မှ လျှော့ကျသွား တော့မည်ဖြစ်ပါသည်။

၁၉၈၉-ခုနှစ်တွင် ဘောလတစ်ဒေသမှ လူမျိုးစုများ၊ ပိုလန်လူမျိုးများ၊ ချက်လူမျိုးများ လွတ်လပ်ရေး ရလာသောအခါတွင် နိုင်ငံစုံ ဝါဒသမားများသည် မှန်ကန်စွာ သြဘာပေးခဲ့ကြသည်။ ယင်းတို့မှာ အမျိုးသားရေး ဝါဒ တော်လှန်ရေးများ ဖြစ်ကြပါသည်။ ၁၇၇၆-ခုနှစ်တွင် အမေရိကန်လူမျိုးများ၊ ၁၇၈၉-ခုနှစ်တွင် ပြင်သစ်လူမျိုး များကို နှိုးဆွခဲ့သည့် လွတ်လပ်မှုနှင့်ဒီမိုကရေစီ စသောမျှော်မှန်းချက်များကြောင့် ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

အမျိုးသားရေးဝါဒတွင် မှားနေသောအချက်မှာ ကိုယ့်အိမ်တွင်ကိုယ် အရှင်သခင်ဖြစ်ချင်သော ဆန္ဒ မဟုတ်ပါ။ အိမ်ကိုအခြားသူများနှင့် အတူ ရောနှော မနေနိုင်ဟု ငြင်းဆန်သည့် ကိစ္စဖြစ်ပါသည်။ လူမျိုးတိုင်းတွင် ကိုယ်ပိုင်နိုင်ငံ ရှိရမည်ဆိုသည့် အမှားဖြစ်ပါသည်။ လူမျိုးသန့်စင်ရမည်၊ လူမျိုးမနှောရဆိုသည့် အမှားဖြစ်ပါသည်။ လူမျိုးစုံဝါဒသမားဖြစ်စေ၊ အမျိုးသားရေးဝါဒသမားဖြစ်စေ ကျနော်တို့အားလုံးသည် အရေပြားအောက်က သွေးထဲတွင် မျိုးနှောနေကြပါသည်။ ကျနော်တို့၏ဘိုးဘေးများသည် အတူပိုင်းဖွဲ့၍ အိပ်ခဲ့ကြခြင်းဖြစ်ပါသည်။ တကယ်အမှန်ပြောရလျှင် ကမ္ဘာပေါ်တွင် သွေးမနှောသည့်

လူမျိုး သန့်စင်မှုဆိုသည်မှာ မရှိနိုင်ပါ။ အကယ်၍ ကျနော်တို့သည် ကျနော်တို့နိုင်ငံကို ကျနော်တို့လို မျိုးနွယ်သူများနှင့် ခွဲဝေမနေနိုင်ပါဟု ဆိုလျှင် မည်သို့သော ကံကြမ္မာမျိုးနှင့်တွေ့ရတတ်ကြောင်းကို Yugoslavia ကပြသနေပါသည်။

လူမျိုးစုံ ဝါဒသမားများသည် အမျိုးသားရေးဝါဒသမားများအား ဘီလူး-သဘက်ကြီးတွေအဖြစ်မျိုး ပြောနေခြင်းကို ရပ်တန့်သင့်ပါပြီ။ အမျိုးသားရေး ဝါဒသမားများကလည်း မိမိတို့လူမျိုးတွင် မိမိတို့ကိုယ်ပိုင် နိုင်ငံတော်ရှိရမည် ဆိုသည့်အစွဲကို ဖျောက်ဖျက်သင့်ကြပါပြီ။ ခွဲထွက်ရေးသမားများတို့၏ စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရ သည့် အခြေခိုင်နေသော နိုင်ငံများသည် အာဏာကိုဖြန့်ခွဲပေးဖို့လိုပါသည်။

သို့မှာသာလျှင် လူမျိုးများသည် ခွဲထွက်ခြင်းမဲ့ဘဲ သူတို့၏ ယဉ်ကျေးမှုနှင့်ဘာသာစကားကို ကာကွယ် စောင့်ရှောက်နိုင်ကြမည် ဖြစ်ပါသည်။ အမျိုးသားရေး ဝါဒသမားတို့၏ စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသည့် ဒေသများသည် (တူရကီ၊ အီရတ်၊ အီရန်နှင့်ဆီးရီးယား)နယ်စပ်တွင် ခွနေကြရသည့် လူမျိုးစုများအား ခွဲထွက်ခြင်းမဲ့ဘဲ ကိုယ်ပိုင်အုပ်ချုပ်မှုပုံသဏ္ဍာန်များ ရရှိနိုင်သည့်နည်းလမ်းများကို ရှာဖွေသင့်ကြပါသည်။

အနာဂတ်ကို လူမျိုးစုံ ဝါဒသမားတို့ကလည်း မပိုင်ပါ။ အမျိုးသားရေး ဝါဒသမားတို့ကလည်း မပိုင်ပါ၊ သူတို့ ချစ်သောနေရာများအတွက် တိုက်ပွဲဝင်ရန် အဆင်သင့်ရှိသော၊ သူတို့ မရောက်ဖူးသော နေရာများမှ သင်ခန်းစာယူရန် အသင့်ရှိသော၊ လူမျိုးစုံ ဝါဒသမားနှင့် လူမျိုးရေး ဝါဒသမား နှစ်မျိုးစလုံး အသင့်ရှိသော လူထုများကသာ ပိုင်ပါသည်။